# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ညွှန်ကြားချက်အမှတ် ၂ / ၂၀၁၉

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဃ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကျွဲ၊ နွားများကို စီးပွားဖြစ်မွေးမြူရန် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုမှ ပြည်ထောင်စုနယ်မြေ၊ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုသို့ ရွှေ့ပြောင်းသယ်ဆောင် မွေးမြူရာတွင် ဘေးအန္တရာယ်၊ ကူးစက်ရောဂါနှင့် အခြားမလိုလားအပ်သောကိစ္စ တစ်စုံတစ်ရာ မပေါ်ပေါက်စေရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**ကျွဲ၊ နွားများကို စီးပွားဖြစ် မွေးမြူရန် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုမှ ပြည်ထောင်စုနယ်မြေ၊ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုသို့ ရွှေ့ပြောင်းသယ်ဆောင် မွေးမြူရာတွင် လိုက်နာရမည့်ညွှန်ကြားချက်**

၁။ ကျွဲ၊ နွားများကို စီးပွားဖြစ်မွေးမြူရန် ရွှေ့ပြောင်းသယ်ဆောင် မွေးမြူလိုသည့် ပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် နယ်စပ်ထွက်ပေါက်ရှိသော ခရိုင်များအတွင်းသို့ ရွှေ့ပြောင်းသယ်ဆောင်မွေးမြူခြင်းမှအပ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုမှ ပြည်ထောင်စုနယ်မြေ၊ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုသို့ ကျွဲ၊ နွား ရွှေ့ပြောင်းသယ်ဆောင်မွေးမြူခွင့် ရရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးချုပ်သို့ လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များ ဖော်ပြပါရှိသော လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲ၍ လျှောက်ထားရမည်-

(က) မူလဒေသရှိ မွေးမြူရေးခြံမှတ်ပုံတင်လက်မှတ်မိတ္တူနှင့် ရွှေ့ပြောင်းသယ်ဆောင် မွေးမြူမည့်ဒေသရှိ မွေးမြူရေးခြံမှတ်ပုံတင်လက်မှတ်မိတ္တူ (မူလဒေသရှိ မွေးမြူရေး

D/cattle movement

ခြံပိုင်ရှင်နှင့် ရွှေ့ပြောင်းသယ်ဆောင်မွေးမြူမည့်ဒေသရှိ မွေးမြူရေးခြံ ပိုင်ရှင်သည် တစ်ဦးတည်း ဖြစ်ရမည်။)

(ခ) မူလဒေသရှိ မွေးမြူရေးခြံသည် သတ်မှတ်ချက်များနှင့်ပြည့်စုံမှုရှိကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ စိစစ်တင်ပြချက်၊

(ဂ) ရွှေ့ပြောင်းသယ်ဆောင်မွေးမြူမည့်ဒေသရှိ မွေးမြူရေးခြံသည် သတ်မှတ်ချက်များ နှင့်ပြည့်စုံမှုရှိကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး၏ စိစစ်တင်ပြချက်၊

(ဃ) ရွှေ့ပြောင်းသယ်ဆောင်မွေးမြူလိုသည့် ကိစ္စအတွက် အသေးစိတ်ဖော်ပြချက်၊

(င) မည်သည့်နေရာဒေသမှ မည်သည့်နေရာဒေသသို့ ရွှေ့ပြောင်းသယ်ဆောင်မွေးမြူ မည်ဖြစ်ကြောင်း ဖော်ပြချက်၊

(စ) သယ်ဆောင်မည့်သူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊

(ဆ) သယ်ဆောင်မည့်လမ်းကြောင်းနှင့် သယ်ဆောင်မည့် နည်းလမ်း(ယာဉ်အမျိုးအစား၊ ယာဉ်နံပါတ်)၊

(ဇ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက် မည်ဖြစ်ကြောင်းနှင့်လိုက်နာရန်ပျက်ကွက်ပါက နောင်တွင်ရွှေ့ပြောင်းသယ်ဆောင် မွေးမြူခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လုပ်ဆောင်ခွင့်မရတော့ဘဲ ယင်း ပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား နာမည်ပျက်စာရင်းသွင်းခြင်း ခံရမည်ကို သိရှိပါကြောင်း ကတိဝန်ခံချက်၊

၂။ အပိုဒ်(၁)အရ လျှောက်ထားသူများသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးချုပ်၏ စိစစ် ခွင့်ပြုစာ ရရှိသည့်အခါ သက်ဆိုင်ရာ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ ကွဲ၊ နွား သယ် ဆောင်ခွင့်လက်မှတ် ရယူရမည်။

၃။ အပိုဒ်(၁)အရ လျှောက်ထားသူများသည် သက်ဆိုင်ရာ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနမှူး၏ ကျွဲ၊ နွား သယ်ဆောင်ခွင့်လက်မှတ်ရရှိပြီး ကျွဲ၊ နွား များကို သယ်ဆောင်ရာတွင် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက သတ်မှတ်ထားသောကာကွယ်ဆေးများ ထိုးနှံပြီးသည့် ကျွဲ၊ နွားများကိုသာ သယ်ဆောင်ရမည်။

( ခ ) တိရစ္ဆာန်ကျန်းမာရေး စစ်ဆေးပြီးဖြစ်ရမည်။

( ဂ ) ကျွဲ၊ နွားများကို တိရစ္ဆာန်အမှတ်အသား(Microchip သို့မဟုတ် Ear-Tag) တပ်ဆင်ပြီးမှသာ သယ်ဆောင်ရမည်။

(ဃ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးချုပ်က သယ်ဆောင်ရန် သတ်မှတ်ခွင့်ပြုထားသော ကျွဲ၊ နွားများကိုသာ သယ်ဆောင်ရမည်။

( င ) တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခြင်းအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးချုပ်က သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်ရမည်။

( စ ) ကျန်းမာရေးစစ်ဆေးပြီး ၂ ပတ်အတွင်း အပြီးသယ်ဆောင်ရမည်။

(ဆ) သယ်ဆောင်ရန် စတင်ထွက်ခွာမည့်အချိန်တွင် သယ်ဆောင်မည့်ယာဉ်နှင့် ကျွဲ၊ နွားများ မှန်ကန်မှု ရှိ မရှိ နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

( ဇ ) ခွင့်ပြုထားသောလမ်းကြောင်းအတိုင်း သတ်မှတ်ထားသည့်ယာဉ်ဖြင့်သာ သယ်ဆောင်ရမည်။

( ဈ ) သယ်ဆောင်ရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးချုပ်၏ စိစစ်ခွင့်ပြုစာ၊ သက်ဆိုင်ရာ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ ကျွဲ၊ နွား သယ်ဆောင်ခွင့်လက်မှတ်မူရင်း၊ သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် (AHD/PC-3) မူရင်းတို့ ပါရှိရမည်။

(ည) ရွှေ့ပြောင်းသယ်ဆောင်သည့်ဒေသသို့ ကျွဲ၊ နွားများ ရောက်ရှိပါက သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ သတင်းပေးပို့၍ စစ်ဆေးမှုကိုခံယူပြီး ကျွဲ၊ နွား သယ်ဆောင်ခွင့်လက်မှတ် မူရင်းကို ပြန်လည်အပ်နှံရမည်။

၄။ အပိုဒ်(၁)အရ လျှောက်ထားသူများသည် ရွှေ့ပြောင်းသယ်ဆောင် မွေးမြူမည့်ဒေသသို့ ရောက်ရှိ၍ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင်အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ရွှေ့ပြောင်းသယ်ဆောင် မွေးမြူသည့်ခြံသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်။

(ခ) ရွှေ့ပြောင်းသယ်ဆောင်မွေးမြူသည့် ဒေသရှိ မွေးမြူရေးခြံတွင် အနည်းဆုံး ၁ နှစ် မွေးမြူထားရှိရမည်။

(ဂ) ရွှေ့ပြောင်းသယ်ဆောင်မွေးမြူသည့် ကျွဲနွားများကို အမှန်တကယ် မွေးမြူထားခြင်း ရှိ မရှိနှင့် တိရစ္ဆာန်ကျန်းမာရေးတို့အတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန စစ်ဆေးရေး အဖွဲ့၏ လစဉ် စစ်ဆေးခြင်းကို ခံယူရမည်။

၅။ ဤညွှန်ကြားချက်ပါ အချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေအရ အရေးယူခြင်း ခံရမည်။

ဒေါက်တာရဲထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ညကခ/ စမရ/ ဥပဒေ/ ၂၀၁၉ ( ၁၄၃ )
ရက် စွဲ ၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့်
တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးများ(အားလုံး)

ခရိုင်ဦးစီးဌာနမှူးများ(အားလုံး)

မြို့နယ်ဦးစီးဌာနမှူးများ(အားလုံး)

ကြော်ငြာသင်ပုန်း(သက်ဆိုင်သူများသိစေရန်)

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (စီမံ၊ သုကျန်း၊ မွေးဖွံ့)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ဌာနခွဲ(အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မျှောစာတွဲ

လက်ခံစာတွဲ